# မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
# နေ့စဉ်ဈေးကွက်သတင်းလွှာ

September 8 , 2023 Volume 70, Number 6

၈.၉.၂၀၂၃

| | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = ၁၉၁၈ US$ |
| မြန်မာ့ရွှေဈေး | = N/A |
| ဒေါ်လာဈေး | = N/A |
| CBM Rate | = ၂၁၀၀ ကျပ် |
| ယူရိုတစ်ယူရို | = ၂၂၄၇.၂ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၅၃၉.၃ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၂၆၂၀.၃ ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၁၃၄၂.၇၅ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၂၈၆.၂၃ ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၅.၃၀၄ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၅၇.၄၅ကျပ် |
| မလေးရှားရင်းဂစ် | = ၄၄၉.၀၅ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၅၉.၁၂၂ ကျပ် |

Source: CBM Rate, etrademyanmar.com

## ကချင်ပြည်နယ်၏ မြန်မာ-တရုတ် နှစ်နိုင်ငံကုန်သွယ်မှု တစ်ပတ်အတွင်းနှိုင်းယှဉ်မှု

ကချင်ပြည်နယ်တွင် လွယ်ဂျယ်နှင့်ကံပိုင်တည် နယ်စပ်ကုန်သွယ်ရေးစခန်း များမှ မြန်မာ-တရုတ် နှစ်နိုင်ငံကုန်သွယ်မှုများရှိခဲ့ရာ ၂၀၂၃ ခုနှစ်၊ ဩဂုတ်လ ၂၆ ရက်မှ စက်တင်ဘာလ ၁ ရက်နေ့အတွင်း ကံပိုင်တည်နယ်စပ်ကုန်သွယ်ရေးစခန်းနှင့် လွယ်ဂျယ်နယ်စပ်ကုန်သွယ်ရေးစခန်းမှ တင်ပို့ခဲ့သည့် ကုန်ပစ္စည်းများအနေဖြင့် တစ်သျှူးငှက်ပျောနှင့်ရော်ဘာတို့ တင်ပို့ခဲ့ပြီး ပို့ကုန်၏စုစုပေါင်းငွေပမာဏမှာ ၁၃၃၇၁၃၉.၀၀၀ ကန်ဒေါ်လာ တင်ပို့ခဲ့ရာ ယခင်အပတ် ၂၀၂၃ ခုနှစ်၊ ဩဂုတ်လ ၁၉ ရက်မှ ၂၅ ရက်နေ့ထိ တင်ပို့ကုန်၏ငွေပမာဏ ၃၀၇၉၇၉.၉၆၀ ကန်ဒေါ်လာနှင့် ကာလတူတင်ပို့ကုန်၏ ငွေပမာဏနှိုင်းယှဉ်ပါက ၁၀၂၉၁၅၉.၀၄၀ ကန်ဒေါ်လာတန်ဖိုး ပိုမို၍ တင်ပို့မှုရှိခဲ့သည်ကို တွေ့ရပါသည်။

သွင်းကုန်ပစ္စည်းများအနေဖြင့် ၂၀၂၃ ခုနှစ်၊ ဩဂုတ်လ ၂၆ ရက်မှ စက်တင်ဘာလ ၁ ရက်နေ့အတွင်း သံနှင့်သံမဏိဆောက်လုပ်ရေးပစ္စည်းများ၊ ချည်ထည်များ၊ ပလပ်စတစ်ကုန်ကြမ်းပစ္စည်းများ၊ လုပ်ငန်းသုံးအခြားပစ္စည်းများ၊ ဓါတုဗေဒချည်ခင်များ၊ မီးဖိုချောင်သုံးပစ္စည်းများ၊ ဆေးဝါးပစ္စည်းများ၊ လူသုံးအခြားပစ္စည်းများ၊ ကွန်ပျူတာ/ကွန်ပျူတာနှင့် သက်ဆိုင်သောပစ္စည်းကိရိယာများ၊ လျှပ်စစ်ဓါတ်ဖြန့်ဖြူးရေးနှင့်တပ်ဆင်ရေးပစ္စည်းများ၊ ဓါတ်မြေဩဇာများ၊ ပလပ်စတစ်ပိုက်၊ သံပိုက်နှင့်မြက်ခင်းတုများ တင်သွင်းခဲ့ပြီး သွင်းကုန်၏ ငွေပမာဏတန်ဖိုးမှာ ၁၆၃၄၁၅၂.၉၅၀ ကန်ဒေါ်လာ တင်သွင်းခဲ့ရာ ယခင်အပတ် ၂၀၂၃ ခုနှစ်၊ ဩဂုတ်လ ၁၉ ရက်မှ ၂၅ ရက်နေ့ထိ တင်သွင်းကုန်၏ ငွေပမာဏတန်ဖိုး ၇၅၆၁၁၂.၀၈၀ ကန်ဒေါ်လာနှင့် ကာလတူ တင်သွင်းကုန်၏ ငွေပမာဏနှိုင်းယှဉ်ပါက ၈၇၈၀၄၀.၈၇၀ ကန်ဒေါ်လာတန်ဖိုး ပိုမို၍ တင်သွင်းခဲ့သည်ကို တွေ့ရပါသည်။

တင်ပို့ကုန်နှင့်တင်သွင်းကုန်တို့၏ ငွေပမာဏများအား နှိုင်းယှဉ်ကြည့်ရာ တင်ပို့ကုန်၏ငွေပမာဏမှာ ၂၉၇၀၁၃.၉၅၀ ကန်ဒေါ်လာတန်ဖိုး လျော့နည်း၍ ကုန်သွယ်မှုပြုခဲ့ကြောင်း ကုန်သွယ်မှုစာရင်းများအ ရတွေ့ရပါသည်။ ငွေလဲနှုန်းများမှာ တရုတ်ငွေ ၁ ယွမ်လျှင် မြန်မာကျပ်ငွေ ၂၈၈.၁၈ ကျပ်ရှိကြောင်း သိရှိရပါသည်။

ကချင်ပြည်နယ်ဦးစီးမှူးရုံး

## ဝါးခယ်မမြို့နယ်တွင် ကွမ်းသီးစိမ်းအလုံး ၁၀၀ လျှင် ငွေကျပ် ၇၅၀၀ ထိ ဈေးကောင်းရရှိလာ

ဧရာဝတီတိုင်းဒေသကြီး မြောင်းမြခရိုင် ဝါးခယ်မမြို့နယ်တွင် ကွမ်းသီးစိမ်း

CONTACT US

ကုန်သွယ်မှုသတင်းအချက်လက်နှင့် သုတေသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၃
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁- ၃၇၆၄၁၆

http://www.myantrade.gov.mm

ဝယ်လိုအားကောင်းလာပြီး အလုံး ၁၀၀ လျှင် ငွေကျပ် ၇၅၀၀ ထိ ဈေးကောင်း ရရှိလာကြောင်း ဝါးခယ်မမြို့နယ် ကွမ်းသီးစိမ်း ရောင်းဝယ်ရေးပွဲရုံလုပ်ငန်းရှင် ဒေါ်စန်းငွေးက ပြောပြ၍သိရသည်။

ဝါးခယ်မမြို့နယ်တွင် ပြီးခဲ့သည့် ဩဂုတ်လအတွင်းက ကွမ်းသီးစိမ်းအလုံး ၁၀၀ လျှင် ငွေကျပ် ၅၅၀၀ သာ ပေါက်ဈေး ရှိခဲ့ပြီး စက်တင်ဘာလ ၁ ရက်မှ ယနေ့(စက်တင်ဘာလ ၇)ရက်နေ့ထိ ကွမ်းသီးစိမ်း အလုံး ၁၀၀ လျှင် ငွေကျပ် ၇၅၀၀ ထိ ဈေးကောင်းရရှိလာကြောင်း၊ အဆိုပါဒေသထွက်ကွမ်းသီးစိမ်းများ အထွက်နည်းလာခြင်းကြောင့် ဈေးကောင်းရရှိလာခြင်း ဖြစ်ကြောင်း သိရသည်။

"ကွမ်းသီးစိမ်းက လိုသလောက်မရတဲ့ထိကို အရောင်းအဝယ်ဖြစ်နေပါတယ်။ အခု ဈေးကွက်ထဲမှာ ကွမ်းသီးစိမ်း အလုံး ၁၀၀ ကို ငွေကျပ် ၇၅၀၀ ထိ ဈေးကောင်းရရှိနေပါတယ်။ ပြီးခဲ့တဲ့လတွေကထက် ကွမ်းသီးအလုံး ၁၀၀ ကို ငွေကျပ် ၂၀၀၀ ထိ ဈေးပိုရရှိနေပါတယ်။ ဝါးခယ်မမြို့နယ်မှာ ကွမ်းသီးအရည်သောက်အနုသီးတွေ အဝယ်များလာတော့ အရင့်သီးတွေရှားလာပြီး အစိမ်းအမှည့်သီးက ဈေးပိုကောင်းလာတာဖြစ်ပါတယ်။ ဝါးခယ်မကထွက်တဲ့ ကွမ်းသီးတွေကို ဒေသဈေးအပြင် အခြားဒေသ တွေကိုလည်း တင်ပို့ရောင်းချနေပါတယ်"ဟု ဝါးခယ်မမြို့နယ် ကွမ်းသီးစိမ်းရောင်းဝယ်ရေးပွဲရုံလုပ်ငန်းရှင် ဒေါ်စန်းငွေးက ပြောပြသည်။

ဝါးခယ်မမြို့နယ်က ထွက်ရှိသည့်ကွမ်းသီးစိမ်းများကို ဒေသကွမ်းသီးရောင်းဝယ်ရေးလုပ်ငန်းရှင်များက ဝယ်ယူပြီး စနစ်တကျထုပ်ပိုးကာ ရန်ကုန်မြို့သို့ အဓိကတင်ပို့ရောင်းချလျက်ရှိကြောင်း၊ အဆိုပါကွမ်းသီးစိမ်းများ ဈေးကောင်းလာသည့် အတွက် စိုက်ပျိုးသူများ၊ ကွမ်းသီးခူးဆွတ် သန့်စင်ရောင်းချသူများ အဆင်ပြေလျက်ရှိကြောင်း သိရသည်။

**Source:** ရတနာပုံသတင်းစာ

## လွယ်ဂျယ်နှင့်ကံပိုင်တည်နယ်စပ်ကုန်သွယ်ရေးစခန်းများမှ မြန်မာ–တရုတ် နှစ်နိုင်ငံကုန်သွယ်မှုအခြေအနေ

ကချင်ပြည်နယ်တွင် လွယ်ဂျယ်နှင့်ကံပိုင်တည် နယ်စပ်ကုန်သွယ်ရေးစခန်းများမှ မြန်မာ-တရုတ် နှစ်နိုင်ငံ ကုန်သွယ်မှုများရှိခဲ့ရာ ၂၀၂၃ ခုနှစ်၊ ဩဂုတ်လ ၂၆ ရက်မှ စက်တင်ဘာလ ၁ ရက်နေ့များအတွင်း တင်ပို့ခဲ့သော ပို့ကုန်၏ ငွေပမာဏစုစုပေါင်းတန်ဖိုးမှာ ၁၃၃၇၁၃၉၉.၀၀၀ ကန်ဒေါ်လာ တင်ပို့မှုရှိခဲ့ပြီး၊ သွင်းကုန်၏ စုစုပေါင်းငွေပမာဏတန်ဖိုးမှာ ၁၆၃၄၁၅၂.၉၅၀ ကန်ဒေါ်လာ တင်သွင်းမှုရှိခဲ့ပါသည်။

တင်ပို့ခဲ့သည့် ကုန်ပစ္စည်းများမှာ တစ်သျှူးငှက်ပျောနှင့်ရော်ဘာများ တင်ပို့ခဲ့ကြောင်း သိရှိရပါသည်။ လွယ်ဂျယ်နယ်စပ် ကုန်သွယ်ရေးစခန်းမှ တရုတ်နိုင်ငံသို့ တင်ပို့ကုန်၏ငွေပမာဏသည် ၁၁၃၈၉၆၁.၈၈၀ ကန်ဒေါ်လာဖြစ်ပြီး၊ ကံပိုင်တည်နယ်စပ် ကုန်သွယ်ရေးစခန်းမှ တရုတ်နိုင်ငံသို့ တင်ပို့ကုန်၏ ငွေပမာဏတန်ဖိုးမှာ ၁၉၈၁၇၇.၁၂၀ ဒေါ်လာ တင်ပို့မှုရှိခဲ့ပါသည်။

သွင်းကုန်ပစ္စည်းများမှာ သံနှင့်သံမဏိဆောက်လုပ်ရေးပစ္စည်းများ၊ ချည်ထည်များ၊ ပလပ်စ တစ်ကုန်ကြမ်းပစ္စည်းများ၊ လုပ်ငန်းသုံးအခြားပစ္စည်းများ၊ ဓါတုဗေဒချည်ခင်များ၊ မီးဖိုချောင်သုံးပစ္စည်းများ၊ ဆေးဝါးပစ္စည်းများ၊ လူသုံးအခြားပစ္စည်းများ၊ ကွန်ပျူတာ/ကွန်ပျူတာနှင့်သက်ဆိုင်သောပစ္စည်းကိရိယာများ၊ လျှပ်စစ်ဓါတ်ဖြန့်ဖြူးရေးနှင့်တပ်ဆင်ရေးပစ္စည်းများ၊ ဓါတ်မြေ သြဇာများ၊ ပလပ်စတစ်ပိုက်၊ သံပိုက်နှင့်မြက်ခင်းတုများ တင်သွင်းမှုရှိခဲ့ပါသည်။ ကံပိုင်တည်နယ်စပ်ကုန်သွယ်ရေးစခန်းမှ မြန်မာနိုင်ငံသို့ အမှန်တင်သွင်းကုန်၏ငွေပမာဏမှာ ကန်ဒေါ်လာ ၆၆၇၀၄၄.၁၂၀ တင်သွင်းမှုရှိခဲ့ပြီး၊ လွယ်ဂျယ်နယ်စပ် ကုန်သွယ်ရေးစခန်းမှ မြန်မာနိုင်ငံသို့ အမှန်တင်သွင်းကုန်၏ ငွေပမာဏတန်ဖိုးမှာ ကန်ဒေါ်လာ ၉၆၇၁၀၈.၈၃၀ တင်သွင်းမှုရှိခဲ့ ပါသည်။

မြန်မာကျပ်ငွေနှင့်တရုတ်ယွမ်ငွေလဲနှုန်းမှာ မြန်မာငွေ ၁ ကျပ်လျှင် တရုတ်ငွေ ၀.၃၄၇ ယွမ်ရှိပြီး တရုတ်ငွေ ၁ ယွမ်လျှင် မြန်မာကျပ်ငွေ ၂၈၈.၁၈ ကျပ်ရှိကြောင်း သိရှိရပါသည်။

**Source:** ကချင်ပြည်နယ်ဦးစီးမှူးရုံး

## ပဲပုပ်ဈေး တည်ငြိမ်မှုမရှိ တစ်လအတွင်း နှစ်သောင်းကျပ်အထိ ဈေးမြင့်တက်




တရုတ်ဝယ်ယူမှု ပုံမှန်မရှိသော်လည်း စိုက်ကေလျော့နည်းလာပြီး ပြည်တွင်းစားသုံးမှုမြင့်လာသောကြောင့် ပဲပုပ်ဈေးနှုန်းမှာ တည်ငြိမ်မှုမရှိဘဲ တစ်လအတွင်း ၁၁၀၀၀ ကျပ်မှ ၂၀၀၀၀ ကျပ်ထိ ဈေးမြင့်တက်လာကြောင်း မန္တလေးမြို့ ပဲမျိုးစုံဈေးကွက်မှ သတင်းရရှိသည်။ မန္တလေးမြို့ ပဲမျိုးစုံဈေးကွက်တွင်ပြီးခဲ့သည့် ဇူလိုင်လက ပဲပုပ်စေ့ သုံးတင်းဝင်တစ်အိတ်လျှင် ၁၅၅၀၀၀ ကျပ် မှ ၁၅၈၀၀၀ ကျပ်အကြားရှိရာမှ ဩဂုတ်လ ၃၁ ရက်တွင် ဒေသအလိုက်ထွက်ရှိသည့် ပဲပုပ်အမျိုးအစားအပေါ် မူတည်ပြီး ပဲပုပ်စေ့ သုံးတင်းဝင်တစ်အိတ်လျှင် ၁၇၁၀၀၀ ကျပ်မှ ၁၈၀၀၀၀ ကျပ် အကြားသို့ ဈေးမြင့်တက်လာခြင်းဖြစ်သည်။

“တစ်ရက်နဲ့ တစ်ရက်က ဈေးကမတည်ဘူး။ ပြီးခဲ့တဲ့ တစ်ရက်၊ နှစ်ရက်က ငြိမ်သေးတယ်။ အခုတစ်နေ့နဲ့ တစ်နေ့မတူဘူး။ ဈေးပြန်တက်နေတယ်။ မိုးညှင်းထိပ်ဆိုရင် ပြီးခဲ့တဲ့ တစ်ရက် နှစ်ရက်က ၁၇၂၀၀၀ ကျပ်ပဲရှိရာကနေ အခုဆိုရင် ၁၈၀၀၀၀ ကျပ်ကို ချက်ခြင်းတက်လာတယ်”ဟု ပဲပုပ်စိုက်ပျိုးရောင်းဝယ်ရေးပွဲရုံမှ ဦးကျော်ကြီးကပြောသည်။ မန္တလေးမြို့ ပဲပုပ်ဈေးကွက်တွင် မိုးညှင်းထိပ်စ ပဲပုပ်စေ့ သုံးတင်းဝင်တစ်အိတ်လျှင် ၁၈၀၀၀၀ ကျပ်၊ မိုးမိတ် ပဲပုပ်စေ့ သုံးတင်းဝင်တစ်အိတ်လျှင် ၁၇၅၀၀၀ ကျပ်၊ နောင်ချို၊ ကျောက်မဲ ပဲပုပ်စေ့ သုံးတင်းဝင်တစ်အိတ်လျှင် ၁၇၀၀၀၀ ကျပ်၊ တောင်ကြီး၊ သီပေါ ပဲပုပ်စေ့ သုံးတင်းဝင်တစ်အိတ်လျှင် ၁၇၁၀၀၀ ကျပ်မှ ၁၇၂၀၀၀ ကျပ်အကြားရှိကြောင်း မန္တလေးမြို့ဈေးကွက်မှ သတင်းရရှိသည်။

တရုတ်က အဝယ်မရှိသော်လည်း ပဲပုပ်စေ့အရောင်းအဝယ်လိုက်၍ ဈေးနှုန်းများတည်ငြိမ်မှုမရှိဘဲ ဈေးတက်နေသည့် အနေထားတွင်ရှိနေကြောင်း၊ မန္တလေးမြို့ဈေးကွက်သို့ မိုးမိတ် ပဲပုပ်စေ့များ အဝင်များနေပြီး မိုးညှင်း ပဲပုပ်စေ့မှာ အရောင်းအဝယ်အရမ်းဖြစ်၍ ပစ္စည်းရှားနေကြောင်း ကုန်သည်များကပြောသည်။ “ဗမာပဲပုပ်ကတော့ အဝယ်မလိုက်တော့ ဈေးအလှုပ်ရှားကြီးမရှိဘူး။ ရှမ်းပဲပုပ်ကတော့ အဝယ်လိုက်တော့ ဈေးလှုပ်တယ်။ export မရှိပေမဲ့လည်း ပြည်တွင်းမှာတင် အရောင်းအဝယ်ဖြစ်နေတယ်။ အသစ်ပေါ်တဲ့ရာသီရောက်ပြီးတော့ ပဲပုပ်တွေ ဈေးပြန်ကျနိုင်တယ်ထင်ပါတယ်။ မိုးမိတ်ကတော့ တစ်လအတွင်း နှစ်သောင်းလောက် ဈေးတက်သွားတယ်” နုနုသင်း ပဲမျိုးစုံရောင်းဝယ်ရေးမှ တာဝန်ရှိသူတစ်ဦးကပြောသည်။

ပဲပုပ်ကို ပဲပြား၊ ပဲနို့၊ ပဲလိတ်ခြောက်၊ ပဲပြားခြောက်၊ မာလာဟင်း၊ ကြက်တောင်ပံအတုနှင့် ဆီကြိတ်ရာတွင် အသုံးပြုပြီး တစ်နိုင်ငံလုံးမှ ထွက်ရှိသည့်ပဲပုပ်များသည် မန္တလေးမြို့သို့ အများဆုံးဝင်ပြီး မန္တလေးမြို့မှရန်ကုန်သို့ တစ်ဆင့်ပြန်လည်ရောင်းချကြကြောင်း သိရှိရသည်။ ဇူလိုင်လက ပဲပုပ်စေ့သုံးတင်းဝင်တစ်အိတ်လျှင် ၁၅၅၀၀၀ ကျပ်မှ ၁၅၈၀၀၀ ကျပ်ရှိရာမှ ဩဂုတ်လ တတိယအပတ်တွင် ပဲပုပ်စေ့ သုံးတင်းဝင်တစ်အိတ်လျှင် ၁၆၈၀၀၀ ကျပ်မှ ၁၆၉၀၀၀ကျပ်အထိ ဈေးရှိရာမှ ဩဂုတ်လ ၃၁ ရက်တွင်ဒေသအလိုက်ထွက်ရှိသည့် ပဲပုပ်စေ့အမျိုးအစားကိုလိုက်ပြီး သုံးတင်းဝင်တစ်အိတ်လျှင် ၁၇၁၀၀၀ ကျပ်မှ ၁၈၀၀၀၀ ကျပ်သို့ ဈေးမြင့်တက်လာခြင်းဖြစ်သည်။

ပဲပုပ်အဓိက စိုက်ပျိုးသည့်ဒေသမှာ ရှမ်းပြည်နယ်ဖြစ်ပြီး တစ်နိုင်ငံလုံးစိုက်ကေ၏ ၅၀ ရာခိုင်နှုန်းစိုက်ပျိုးကြသည်။ ရှမ်းပြည်နယ်အပြင် မန္တလေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီးနှင့် ကချင်ပြည်နယ်တို့တွင်လည်း စိုက်ပျိုးကြသည်။ ပဲပုပ်သီးနှံကို တောင်ပေါ်ဒေသများတွင် မေလ၊ ဇွန်လတို့တွင် စိုက်ပျိုးကြပြီး မြေပြန့်ဒေသတွင် ဩဂုတ်လနှင့်စက်တင်ဘာလ မြစ်ရေကျချိန်တို့တွင်စိုက်ပျိုးကြသည်။ မြန်မာနိုင်ငံတွင် ပဲပုပ်စိုက်ကေ ၃၂၁၄၃၈ ကေရှိပြီး ၂၀၁၈-၂၀၁၉ ခုနှစ်တွင် စိုက်ပျိုးခဲ့သော ၃၄၃၈၄၅ ကေနှင့်နှိုင်းယှဉ်ပါက စိုက်ကေနှစ်သောင်းကျော် လျော့နည်းလာခြင်းဖြစ်သည်။

Source: Awba

## (၆၈) ကြိမ်မြောက် ဗန်ကောက်လက်ဝတ်ရတနာပြပွဲသို့ လာရောက်ကြည့်ရှုသူ ၃၀,၀၀၀ ဦးခန့်ရှိနိုင်ကြောင်း ထိုင်းနိုင်ငံ အပြည်ပြည်ဆိုင်ရာကုန်သွယ်မှုမြှင့်တင်ရေးဦးစီးဌာန (Department of International Trade Promotion (DITP)) ခန့်မှန်းထား

၆၈ ကြိမ်မြောက် ဗန်ကောက်လက်ဝတ်ရတနာပြပွဲကို ထိုင်းနိုင်ငံ၊ ဗန်ကောက်မြို့ the Queen Sirikit National Convention Center (QSNCC) ကျင်းပလျက်ရှိပါကြောင်း၊ ယင်းပြပွဲသို့ ရောင်းသူ/ဝယ်သူနှင့် ဧည့်သည် ၃၀,၀၀၀ ဦးရေခန့် လာရောက်မည်ဟု ခန့်မှန်းထားကြောင်း၊ ကုန်သွယ်မှုတန်ဖိုး ဘတ် ၃ ဘီလီယံကျော်ရရှိနိုင်မည်ဟု မျှော်လင့်ရကြောင်း ထိုင်းနိုင်ငံ အပြည်ပြည်ဆိုင်ရာကုန်သွယ်မှုမြှင့်တင်ရေးဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်ဖြစ်သူ Mr. Phusit Ratanakul Sereroengrit က ၂၀၂၃ ခုနှစ် စက်တင်ဘာလ ၆ ရက်နေ့ ဖွင့်ပွဲမိန့်ခွန်းတွင် ပြောကြားခဲ့ပါသည်။

ယင်းပြပွဲကို အပြည်ပြည်ဆိုင်ရာကုန်သွယ်မှုမြှင့်တင်ရေးဦးစီးဌာန၊ Gem and Jewelry Institute of Thailand (GIT) နှင့် အစိုးရနှင့်ပုဂ္ဂလိက ကုန်သွယ်ရေးအဖွဲ့အစည်းတို့ ပူးပေါင်းဆောင်ရွက်ခြင်းဖြစ်ပါကြောင်း၊ နိုင်ငံတကာကုန်စည်ပြပွဲဖြစ်ပါကြောင်း၊ နှစ် ၄၀ ပြည့်မြောက်ပြီဖြစ်ပါကြောင်း၊ ခန်းမ ၁ မှ ၈ အထိရှိပြီး ကုမ္ပဏီ ၁,၁၀၀ တို့မှ ပြခန်း ၂,၄၀၀ ဖြင့် ပြသလျက်ရှိကြောင်း ဖြည့်စွက်ပြောကြားပါသည်။

ထိုင်းနိုင်ငံ၏ အားသာချက်များဖြစ်သော ကျောက်မျက်ရတနာများ ကုန်သွယ်ရာဗဟိုချက်ဖြစ်ခြင်း၊ အရောင်အသွေးစုံ ကျောက်မျက်ရတနာများ၏ အရည်အသွေးကို မြင့်တက်စေရာတွင် ကျွမ်းကျင်မှုနှင့်လက်မှုပညာတွင် နိုင်ငံတကာမှ အသိအမှတ်ပြုခြင်းတို့ကြောင့် ကျောက်မျက်ရတနာနယ်ပယ်တွင် အောင်မြင်ရခြင်းဖြစ်ကြောင်း၊ ၂၀၂၂ ခုနှစ်တွင် ကျောက်မျက်ရတနာသည် နိုင်ငံ၏ အဆင့် ၉ ရှိသော ပို့ကုန်အမယ်ဖြစ်ကြောင်း၊ အမေရိကန်ဒေါ်လာ ၈ ဘီလီယံကျော် ဝင်ငွေရရှိခဲ့ကြောင်း၊ ယခုနှစ်တွင် ၁၀ ရာခိုင်နှုန်းတိုးတက်ရရှိရန် ခန့်မှန်းထားကြောင်း၊ ဧည့်သည်များအနေဖြင့် ထိုင်းအပါအဝင် နိုင်ငံတကာမှ ခင်းကျင်းပြသလျက်ရှိသည့်ပစ္စည်းများကို လေ့လာနိုင်မည်ဖြစ်ကြောင်း Mr. Phusit က ပြောကြားခဲ့ပါသည်။

ပြပွဲသို့ မြန်မာနိုင်ငံမှ ကျောက်မျက်ရတနာကုမ္ပဏီများလည်း ပါဝင်ပြသလျက်ရှိရာ ယခင်ပြပွဲများတွင် ဝယ်ယူကြည့်ရှုများအနေဖြင့်လည်း လာရောက်ကြည့်ရှုနိုင်ခြင်း၊ မိတ်ဖက်အသစ်များလည်း လာရောက်ကြည့်ရှုနိုင်ခြင်းအပြင် နိုင်ငံတကာမှ ကျောက်မျက်ကုမ္ပဏီများ လာရောက်ပြသကြသဖြင့် ခေတ်နှင့်အညီပြောင်းလဲလျက်ရှိသည့် ဖက်ရှင်ဒီဇိုင်းများကိုလည်း လေ့လာနိုင်ကြောင်း သုံးသပ်ရပါသည်။

**Source: www.bangkokpost. gov၊**

**(စီးပွားရေးသံမှူး၊ ဗန်ကောက်မြို့)**

https://myantrade.gov.mm/article/Naypyitawstp_080920231130

## အိန္ဒိယအစိုးရအနေဖြင့် ပို့ကုန်မြှင့်တင်ရန်အတွက် ခရိုင်များအား ဖော်ထုတ်ဆောင်ရွက်သွားမည်

နိုင်ငံခြားကုန်သွယ်ရေး ညွှန်ကြားရေးမှူးချုပ် Santosh Sarangi က အစိုးရသည် ပို့ကုန်မြှင့်တင်ရန်အတွက် ခရိုင်များကို ဖော်ထုတ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်းနှင့် နိုင်ငံတွင်းရှိ ခရိုင်ခုနှစ်ဆယ်သည် နိုင်ငံ၏ပို့ကုန်စုစုပေါင်း၏ ၈၀ ရာခိုင်နှုန်းကို တင်ပို့နေသည်ဟု သောကြာနေ့တွင် အိန္ဒိယကုန်သည်ကြီးများအသင်း၌ သတင်းထောက်များအားပြောကြားခဲ့ကြောင်း The Economic Times သတင်းစာတွင် ဖော်ပြထားပါသည်။

အနောက်ဘင်္ဂလားပြည်နယ်တွင် Darjeeling နှင့် Howrah ခရိုင်နှစ်ခုကို အကောင်အထည်ဖော်ဆောင်ရွက်ထားပြီး လက်ဝတ်ရတနာနှင့်အင်ဂျင်နီယာပစ္စည်းများအတွက် Howrah နှင့်လက်ဖက်အတွက် Darjeeling ကို ဖော်ထုတ်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်းနှင့် ၎င်းတို့အတွက် ပို့ကုန်အစီအစဉ်များကိုလည်း ချမှတ်ထားပြီးဖြစ်သည်ဟု Sarangi က ပြောကြားထားသည်။

ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနလက်အောက်ရှိ နိုင်ငံခြားကုန်သွယ်မှုအထွေထွေညွှန်ကြားရေးဦးစီးဌာနသည် နိုင်ငံ၏ ကုန်သွယ်မှုမူဝါဒကိုရေးဆွဲကာ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပြီး အိန္ဒိယနိုင်ငံသည် အီလက်ထရွန်နစ်ပစ္စည်းများ၊ အိမ်သုံးရေခဲသေတ္တာ၊ အဝတ်လျှော်စက်စသည့် White Goods ကုန်ပစ္စည်းများနှင့် ပြုပြင်ပြီးစားသောက်ကုန်များတင်ပို့ရန်

အလားအလာကြီးမားစွာရှိပါကြောင်း၊ နိုင်ငံ၏ လွန်ခဲ့သည့် ၁၅ နှစ်အတွင်း တိုးတက်မှုနှုန်းဖြင့် မကြာမီတွင် အလယ်အလတ်ဝင်ငွေရှိသော စီးပွားရေးဖြစ်လာရန် မျှော်မှန်းထားကြောင်း Sarangi မှ ပြောကြားထားသည်။ .

အိန္ဒိယ၏ ပို့ကုန်နှင့် GDP အချိုးသည် ယခုအခါ ၂၂ ရာခိုင်နှုန်းရှိပြီး ဂျာမနီနှင့်ထိုင်ဝမ်တို့ကဲ့သို့ နိုင်ငံများထက် နည်းပါးကြောင်း၊ အိန္ဒိယ၏လက်မှတ်ရေးထိုးထားပြီးဖြစ်သော သို့မဟုတ် လက်မှတ်ရေးထိုးသည့် လုပ်ငန်းစဉ်များဆောင်ရွက်ဆဲဖြစ်သော လွတ်လပ်သောကုန်သွယ်ရေးသဘောတူစာချုပ်များသည် အိန္ဒိယကုန်ပစ္စည်းများအတွက် ပို့ကုန်ဈေးကွက်များသို့ပိုမိုဝင်ရောက်ခွင့်ရရှိမည်ဖြစ်ကြောင်း ၎င်းကပြောကြားခဲ့သည်။

သို့ဖြစ်ပါ၍ အိန္ဒိယနိုင်ငံအနေဖြင့် ခရိုင်အလိုက် အဓိကထုတ်ကုန်ပစ္စည်းများ ရွေးချယ်သတ်မှတ်၍ ပို့ကုန်မြှင့်တင်နိုင်ရေး ကြိုးပမ်းအကောင်အထည်ဖော် ဆောင်ရွက်နေမှုအခြေအနေကို သိရှိနိုင်ပါရန် တင်ပြလိုက်ရပါသည်။

**Source: Govt to tap districts for enhancing exports: DGFT, The Economic Times, 1 September, 2023.**

**(မျိုးမြင့်မောင်၊ စီးပွားရေးသံမှူး၊ နယူးဒေလီမြို့)**

https://myantrade.gov.mm/article/STP(Ygn)%20_07092023%20_15:07

## ထိုင်းသကြား အထွက်နည်းမည်

ပြင်းထန်သောမိုးခေါင်မှုကြောင့် ထိုင်းသကြားအထွက်နှုန်းသည် လာမည့်ရိတ်သိမ်းချိန်တွင် ငါးပုံတစ်ပုံနီးပါး ကျဆင်းသွားမည်ဖြစ်ကြောင်း Thai Sugar Millers Corp မှ ပြောကြားသည်။

ထုတ်လုပ်မှုသည် ၂၀၂၃-၂၀၂၄ ရာသီတွင် တန်ချိန် ၉ သန်းဝန်းကျင်ရရှိမည်ဖြစ်သည်ဟု Thai Sugar Millers Corp မှ ဒါရိုက်တာ Rangsit Hiangrat က ပြောကြားသည်။ ယခင်နှစ်ထက် ၁၈% လျော့နည်းမည်ဖြစ်သည်။ "အချို့လယ်သမားတွေက အပူဒဏ်ကိုပိုခံနိုင်တဲ့ ပီလောပီနံကို ပြောင်းစိုက်ကြလိမ့်မယ်"ဟု Mr Rangsit က ပြောသည်။ "ဒီလိုမျိုး မိုးခေါင်တာမျိုးကို ဘယ်သီးနှံမှ ကောင်းကောင်းကြီးဖြစ်ထွန်းမှာမဟုတ်ဘူးလို့ ကျွန်တော်ထင်ပါတယ်။ ကြံ၊ ပလောပီနံ၊ ဆန် အားလုံး ထိခိုက်မှာပဲ" ဟု Mr Rangsit က ပြောကြားသည်။

ထိုင်းနိုင်ငံသည် ကမ္ဘာ့ဒုတိယအများဆုံး သကြားတင်ပို့သည့်နိုင်ငံဖြစ်သည်။ ထိုင်းသကြား တင်ပို့မှုလျော့ကျလျှင် ကမ္ဘာ့သကြားဈေးကွက်တွင် သကြားဈေး မြင့်တက်ဖွယ်ရှိသည်။

ကမ္ဘာ့အကြီးဆုံး ကုန်စည်ရောင်းဝယ်သူ Alvean က နောက်ထပ်တစ်နှစ် သကြားပြတ်လပ်ဦးမည်ဟု ခန့်မှန်းပြီးနောက် ယခုသီတင်းပတ်တွင် သကြားဈေးနှုန်းများ မြင့်တက်လာခဲ့သည်။

ထိုင်းနိုင်ငံသည် ယခုနှစ်တွင် သကြား တန် ၈ သန်း တင်ပို့မည်ဖြစ်ပြီး နောက်နှစ်တွင် တန် ၆ သန်း တင်ပို့မည်ဟု ခန့်မှန်းထားသည်။ ယခုကြံရာသီတွင် ကြံတန် ၉၃.၉ သန်းရရှိပြီး ၂၀၂၃-၂၄ တွင် တန် ၈၂ သန်းရရှိမည်ဟု ခန့်မှန်းထားသည်။

Source: bangkokpost

https://www.foodindustrydirectory.com.mm/food-industry/cuisine/thinland/item/6838-sugar.html

## ယူရီးယားတင်ပို့မှုကို ဆိုင်းငံ့ထားရန် ဓာတ်မြေဩဇာထုတ်လုပ်သူများကို တရုတ်အစိုးရညွှန်ကြားထား



ပြည်တွင်းမှာ ဓာတ်မြေဩဇာ ဈေးတက်ပြီးနောက် ယူရီးယားတင်ပို့မှုကို ဆိုင်းငံ့ထားရန် တရုတ်နိုင်ငံမှ ဓာတ်မြေဩဇာ ထုတ်လုပ်သူအချို့ကို တရုတ်အစိုးရက ညွှန်ကြားထားသည်။

တရုတ် ယူရီးယား ဓာတ်မြေဩဇာ တင်ပို့မှုလျော့ကျလျှင် ကမ္ဘာ့ဈေးကွက်ထဲ ဓာတ်မြေဩဇာဈေးနှုန်းများ မြင့်တက်လာမည်ဖြစ်ပြီး ဓာတ်မြေဩဇာ တင်သွင်းရသည့်နိုင်ငံများမှ လယ်သမားများ ဓာတ်မြေဩဇာအတွက် ကုန်ကျစရိတ်မြင့်တက်မည်ဖြစ်သဖြင့် ဓာတ်မြေဩဇာ လျှော့သုံးကြရမည်ဖြစ်သည်။

တရုတ်နိုင်ငံမှ အဓိကကျသည့် ဓာတ်မြေဩဇာ ထုတ်လုပ်သူအချို့သည် အစိုးရထံမှ ညွှန်ကြားချက် ရရှိပြီးနောက် ယခုလ အစောပိုင်းမှစ၍ ဓာတ်မြေဩဇာ ပို့ကုန်သဘောတူညီချက်စာချုပ်အသစ်များ လက်မှတ်ရေးထိုးခြင်းကို ရပ်ဆိုင်းလိုက်ကြသည်။ လက်ရှိတွင် ယူရီးယား တစ်မျိုးတည်းကိုသာ တားမြစ်ထားသည်။

တရုတ်နိုင်ငံ၏ သိုလှောင်မှု လက်ကျန်နည်းပါးခြင်းနှင့် ပို့ကုန်မြင့်မားခြင်းတို့ ပေါင်းဆုံနေသဖြင့်ယူရီးယားဈေးနှုန်းများ မြင့်မားလာစေသည်။ တရုတ်နိုင်ငံသည် ယူရီးယားကို ကမ္ဘာပေါ်တွင် ထိပ်တန်းထုတ်လုပ်သူနှင့်သုံးစွဲသူဖြစ်သည်။ တရုတ် ယူရီးယားကို အဓိကအားဖြင့် အိန္ဒိယ၊ တောင်ကိုရီးယား၊ မြန်မာနှင့် ဩစတြေးလျတို့ထံ တင်ပို့သည်။

တရုတ်နိုင်ငံတွင် ထင်ရှားသည့် ယူရီးယားထုတ်လုပ်သူများမှာ -

- နိုင်ငံပိုင် China Blue Chemical Ltd
- Sinofert Holdings Ltd
- Cangzhou Dahua Co
- CNAMPGC Holding Co
- Shandong Hualu Hengsheng Chemical Co စသည်တို့ ဖြစ်ပါသည်။

**Source : Bloomberg**

https://www.foodindustrydirectory.com.mm/food-industry/food-livestock/item/6841-urea.html

## STOCK EXCHANGE (8.9.2023)

YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre-Listing Board (PLB)

Home > Main Board > Market Data > Stock trading data

### Stock trading data

As of 8th Sep. 2023

**Total Trading** [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 6,175 (Shares) | 22,991,450 (MMK) |

**Stock trading**

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 9,000 | +0 | +0.00% | 9,000 | 9,000 | 9,000 | 592 | 5,328,000 | 33,109,694 | 297,987 |
| MTSH | 00002 | 3,150 | +0 | +0.00% | 3,100 | 3,150 | 3,100 | 5,193 | 16,349,900 | 38,929,150 | 122,627 |
| MCB | 00003 | 7,500 | -400 | -5.06% | 7,500 | 7,500 | 7,500 | 100 | 750,000 | 10,400,986 | 78,007 |
| FPB | 00004 | 1,700 | +0 | +0.00% | 1,650 | 1,700 | 1,650 | 170 | 285,550 | 29,664,613 | 50,430 |
| TMH | 00005 | 2,400 | +0 | +0.00% | 2,400 | 2,400 | 2,400 | 0 | 0 | 12,823,224 | 30,776 |
| EFR | 00006 | 2,250 | +0 | +0.00% | 2,250 | 2,250 | 2,250 | 0 | 0 | 19,977,223 | 44,949 |
| AMATA | 00007 | 4,900 | +0 | +0.00% | 4,900 | 4,900 | 4,900 | 20 | 98,000 | 10,497,598 | 51,438 |
| MAEX | 00008 | 1,800 | +0 | +0.00% | 1,800 | 1,800 | 1,800 | 100 | 180,000 | 23,804,946 | 42,849 |

YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre-Listing Board (PLB)

Home > Main Board > Market Data > Market summary

### Market summary

As of 8th Sep. 2023

**Today's summary**

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 381.23 | -2.20 | -0.57% | 381.61 | 383.43 | 381.23 | 6,175 | 22,991,450 | 8 | 719,063 |

**Index chart**



## Market Overview

## Grand Total Trading [Total trading (MB) + Total trading (PLB)]

As of 8th Sep. 2023

| Trading Volume | Trading Value |
|---|---|
| 6,175 (Shares) | 22,991,450 (MMK) |

### Main Board

As of 1:00 pm, 8th Sep. 2023

**Total Trading (MB)** [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 6,175 (Shares) | 22,991,450 (MMK) |

| MYANPIX | 381.23 ▼ 2.20 |
|---|---|
| Total Volume (shares) | 6,175 |
| Total Value (MMK) | 23 mil |
| Listed Company | 8 |
| Market Cap. (MMK) | 719,063 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 9,000 | ▲ 0 |
| MTSH | 00002 | 3,150 | ▲ 0 |
| MCB | 00003 | 7,500 | ▼ 400 |
| FPB | 00004 | 1,700 | ▲ 0 |
| TMH | 00005 | 2,400 | ▲ 0 |
| EFR | 00006 | 2,250 | ▲ 0 |
| AMATA | 00007 | 4,900 | ▲ 0 |
| MAEX | 00008 | 1,800 | ▲ 0 |

TIR